# အိမ်ထောင်စု ရသုံးမှန်းခြေစာရင်းများ

**မိမိ၏ငွေကြေး စီမံဆောင်ရွက်မှု အချက်အလက်စာရွက်**



## ရသုံးမှန်းခြေစာရင်းဆိုတာဘာလဲ?

ရသုံးမှန်းခြေစာရင်းဆိုသည်မှာ၊ မိမိတွင် ငွေမည်မျှဝင်လာသည် နှင့် ဘယ်မှာသုံးစွဲရန်လိုသည်ကို ရေးချစီမံခြင်းဖြင့် သိစေခြင်းဖြစ်ပါသည်။ သင်ဘာတွေအပေါ်ငွေသုံးနေသည်ကို သိနေရန်မှတ်သားထားပေးပါသည်။

## ရသုံးမှန်းခြေစာရင်းထဲမှာ ဘာပါရှိသလဲ?

- သင့်ဝင်ငွေ - မည်မျှငွေဝင်လာစရာရှိသည်နှင့် မည်သည့်နေရာမှဝင်လာမည်။ (ဥပမာ- လုပ်ခငွေများ သို့မဟုတ် စင်တာလင့်မှ)
- သင့်သုံးစွဲကုန်ကျမှုများ - မည်သည့်အတွက်၊ မည်မျှသုံးစွဲမှုများ (ဥပမာ- ငွေတောင်းခံစာများ၊ အစားအစာ နှင့်ကျောင်းလခများ)

## ရသုံးမှန်းခြေထားခြင်းကြောင့်၊ သင့်အနေနှင့်

- သင့်ပိုက်ဆံမည်သို့ကုန်သွားကြောင်း မှန်မှန်စစ်ကြည့်နိုင်ခြင်း
- သင်လိုအပ်သော အစားအစာဝယ်ရန်နှင့် လက်ရှိ ငွေတောင်းစာများကို ပေးချေခြင်း
- အရေးပေါ်နှင့် မထင်မှတ်ထားသော ကုန်ကျစရာများအတွက် ပြင်ဆင်ထားခြင်း
- အထူးကိစ္စတစ်ခုခုအတွက် စုထားခြင်း
- မိသားစုအနေနှင့် မည်သို့ငွေသုံးစွဲကြမည်ကိုဆုံးဖြတ်ခြင်း - တို့လုပ်နိုင်ပါသည်။

## သတိပြုပါ –

- ရသုံးမှန်းခြေစာရင်းဆိုသည်မှာ၊ မိမိတွင် ငွေမည်မျှဝင်လာသည် နှင့် ဘယ်မှာသုံးစွဲရန်လိုသည်ကို ရေးချစီမံခြင်းဖြင့် သိစေခြင်းဖြစ်ပါသည်။
- ရသုံးမှန်းခြေစာရင်းအရ သင်ဘာတွေအပေါ်ငွေသုံးနေသည်ကို မှတ်သားထားပေးပါသည်။
- ရသုံးမှန်းခြေစာရင်း အလုပ်ဖြစ်မြောက်ရန် သင်လိုက်နာဖို့လိုပါသည်။

## အကူအညီနှင့် အချက်အလက်များ ရနိုင်သည့်နေရာ –

သင့်တွင် ငွေကြေးဆိုင်ရာ ပြဿနာများရှိလျှင်၊ အခမဲ့ငွေကြေးဆိုင်ရာအကြံပေးသူကို ၁၈၀၀ ၀၀၇ ၀၀၇ တွင်ဆက်သွယ်ပါ။

ငွေကြေးဆိုင်ရာအကြံပေးသူများနှင့် ပါတ်သတ်၍ ပိုမိုသိလိုပါက၊ သို့မဟုတ် အွန်လိုင်းရသုံးမှန်းခြေ စီမံမှု လုပ်ကိုင်ရန် MoneySmart ကွန်ယက်ဝက်ဗ်ဆိုက် **www.moneysmart.gov.au** သို့မဟုတ် စင်တာလင့်ငွေကြေးဆိုင်အကြံပေးသည့်အရာရှိအား ၁၃ ၂၃ ၀၀ ကိုခေါ်ပြီး သင်ရသုံးမှန်းခြေစာရင်း ဆွဲရန် အကူအညီရယူပါ။

### ရသုံးမှန်းခြေစာရင်း သင့်အတွက် အလုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ရေး–

ကုန်စုံဆိုင်ကြီးသို့သွားသည့်အခါ အာတမ်နှင့် အာရုပ်တို့၌ ရသုံးမှန်းခြေစာရင်းမလုပ်ထားပါ။ သူတို့လိုအပ်သည့် ပစ္စည်းစာရင်းကို စာရွက်ပေါ်၌ရေးထားသော်လည်း၊ ဆိုင်အတွင်းသို့ ရောက် သွားသည့်အခါ၊ ဘာဝယ်ရမည်ကို အငြင်းပွါးကြပါသည်။ အာရုပ်က စာရင်းထဲပါသည့်အတိုင်းသာ ဝယ်လိုသော်လည်း အာတမ်က အမြဲတမ်း အစားအစာပိုဝယ်လိုပြီး တခါတရံ မိမိကိုယ့်ကို အလိုလိုက်ပြီး မလိုသောပစ္စည်းများ ဝယ်လိုသည်။

တစ်နေ့သူတို့ဈေးသွားသည့်အခါ၊ အာတမ်ကသူတို့၏ စာရင်းထဲမပါသည့် ပစ္စည်းအချို့ကို ဈေးချထားသည့်အတွက် ဆိုင်တွန်းလှည်းထဲထည့်လိုက်သည်။ ငွေချေရသည့်နေရာရောက်သည့်အခါ စုစုပေါင်း ဒေါ်လာ ၇၀ကျနေပြီး အာရုပ်၌ ဒေါ်လာ ၃၀သာပါလာသည်။ သူမအနေနှင့် ရှက်သွားပြီး၊ ဆိုင်၌ ပိုက်ဆံမချေနိုင်သောကြောင့် အပိုထည့်ထားသည့် အစားအစာများကို ချန်ရစ်ခဲ့ရသည်။

နှစ်ဦးသားစဉ်းစားကြပြီးနောက်၊ ဈေးဆိုင်ကြီး၌ တစ်ပါတ်ကို မည်မျှသုံးနိုင်ကြောင်းသိရန် ရသုံးမှန်းခြေစာရင်းဆွဲဖို့ အာတမ်နှင့် အာရုပ်ဆုံးဖြတ်လိုက်ကြသည်။ ရသုံးမှန်းခြေစာရင်းအတိုင်း လိုက်ကြရန် ဆုံးဖြတ်ကြသည်။ ဤသို့လုပ်ကိုင်ကြခြင်းကြောင့် နောင်တွင် အစားအစာအတွက် ဈေးဝယ်သည့်အခါ၊ သူတို့တတ်နိုင်သည်ထက် ပစ္စည်းများကို ဈေးတွန်းလှည်း၌ထည့်မိမှု မရှိတော့၍ ရှက်စရာ အခြေအနေ ဘယ်တော့မျှ မဖြစ်တော့ပါ။

MONEYSMART

© ASIC 2012 all rights reserved

This page has been intentionally left blank.

© ASIC 2012 all rights reserved